**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

## မြန်မာနိုင်ငံသို့ အထူးလေယာဉ်(Relief Flight)ဖြင့် သွားရောက်ရန် ဆန္ဒရှိသော မြန်မာနိုင်ငံသားများအား အသိပေးကြေညာခြင်း

၁။ အမေရိကန်နိုင်ငံသို့ ရောက်ရှိလျက်ရှိသော မြန်မာနိုင်ငံသားများအား အထူးလေယာဉ်(Relief Flight) ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သည့် သတ်မှတ်ပုံစံနှင့် အထောက်အထားများကို ၂၇-၄-၂၀၂၀ ရက်နေ့မှ ၃၀-၄-၂၀၂၀ ရက်နေ့အတွင်း ပေးပို့ပေးရန် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ကြေညာချက်နှင့်အညီ မြန်မာနိုင်ငံသား (၂၈၂)ဦး၏ သတ်မှတ်ပုံစံများကို လက်ခံရရှိခဲ့ပြီး အဆက်အသွယ်ရရှိသည့် မြန်မာနိုင်ငံသားများအား မေလ နှင့် ဇွန်လ အတွင်းခရီးစဉ် အခေါက်ရေ(၆)ကြိမ်ဖြင့် ခရီးသည်(၁၈၂)ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ ဆိုးလ်မြို့နှင့် သက်ဆိုင်ရာ လေကြောင်းလိုင်းတို့အကြား ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဇွန်လအတွင်း အထူးလေယာဉ်(Relief Flight)များ ပြေးဆွဲရန်ရှိပြီး ခရီးသည်များကို မြန်မာနိုင်ငံသို့ ထပ်မံပို့ဆောင်ပေးမည် ဖြစ်ပါသည်။ စာရင်းပေးပို့ပြီး ကျန်ရှိနေသော မြန်မာနိုင်ငံသားများအား အထူးလေယာဉ်ပျံသန်းပြေးဆွဲနိုင်မည့် နေ့ရက်နှင့် ထိုင်ခုံနေရာများ ရရှိနိုင်မှုများအပေါ် အခြေခံ၍ တစ်ဦးချင်းကို တိုက်ရိုက်ဆက်သွယ်၍ ဖုန်းဖြင့် အကြောင်းကြားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဤသံရုံးသို့ ပုံစံပေးပို့ထားခြင်း မရှိသေးသော မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဆန္ဒရှိပါက (၈-၆-၂၀၂၀)ရက်နေ့ (၁၅:၀၀)နာရီနောက်ဆုံးထား၍ ပူးတွဲပါပုံစံများဖြင့် သံရုံး၏ အီးမေးလ်လိပ်စာဖြစ်သော mewdcusa@yahoo.com သို့ စာရင်းပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။ ယခင်ကစာရင်းပေးပို့ထားသော ပုဂ္ဂိုလ်များအနေဖြင့် ထပ်မံပေးပို့ရန် မလိုအပ်ပါကြောင်းလည်း ဖော်ပြအပ်ပါသည်။ သတ်မှတ်ပုံစံကို မြန်မာသံရုံး၏ facebook Page လိပ်စာ https://www.facebook.com/mmembassywashingtondc/ တွင်ဖြစ်စေ၊ Website လိပ်စာ http://www.mewashingtondc.org/ တွင်ဖြစ်စေ ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့။
ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဇွန်လ ၅ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
981
WASHINGTON